



# ဧဝံဂေလိလမ်းညွှန်

# Evangelism Guide

# မာတိကာ Table of Contents

ဇဝံဂေလိလမ်းညွှန် Evangelism Guide ........ 1

နိဒါန်း Introduction ........ 1

ယုံကြည်ချက်နှင့်အခြေခံမှုများ ........ 4

သင်တန်းအတွက်အကြံပြုချက်များ ........ 6

နေ့စဉ်ဆုတောင်းခြင်း ........ 6

ဘုရားသခင်သည် သင့်အား သက်သေခံသူ ဖြစ်စေမည်ဟူသော ကတိတော်ကို ပြည့်စုံစေမည် ဖြစ်ကြောင်း မျှော်လင့် နေပါ ........ 7

အသက်ရှင်ပုံ တစ်ရပ်ဖြင့် သက်သေခံခြင်းကို တိုးတက်ဖွံ့ဖြိုး လာစေရန် အာရုံစူးစိုက် လုပ်ဆောင်ပါ။ ........ 7

သင်တန်း၏ ရည်ရွယ်ချက်ပန်းတိုင်ကို အစဉ်သတိရနေပါ ........ 8

ဤသင်တန်း အပေါ် ဆီလျှော်မှန်ကန်သော အမြင်ထားရှိပါ ........ 8

တစ်ကြိမ်လျှင် တပတ်တာ အတွက်သာ လုပ်ဆောင်ပါ ........ 8

အိမ်စာနှင့် အလုပ်တာဝန်များ အားလုံးကို ပြီးစီးအောင် ဆောင်ရွက်ပါ ........ 9

အမှုတော် လုပ်ငန်းအတွက် ကြိုးပမ်းလုပ်ဆောင်ပါ ........ 9

အချိန်ကို ဦးစားပေးပါ ........ 9

ဝိညာဉ်ရေးရာ ဆန့်ကျင်တိုက်ခိုက် မှုများကို မျှော်လင့်ထားလျက် မိမိကိုယ်ကို အကာအကွယ် ယူထားပါ ........ 10

မိမိကိုယ်၌ သည်းခံမှု စိတ်ရှည်မှု ရှိပါစေ ........ 10

သင်တန်း၏ ရှုပါရုံ ထပ်ဆင့်ပြန့်ပွားခြင်း- ဆင့်ပွားတိုးပွား လာခြင်း ........ 11

အခန်း (၁) ........ 12

ယုံကြည်သူ သာမန် အသင်းသား များအား လေ့ကျင့်တပ်ဆင်ခြင်း ........ 12

အဘယ်ကြောင့် ခရစ်ယာန် အများစုသည် သက်သေမခံ ကြသနည်း ........ 13

အကောင်းဆုံးသော လေ့ကျင့်တပ်ဆင်ခြင်း လုပ်ငန်းသည် လက်တွေ့ကွင်းဆင်းခြင်း အားဖြင့်သာ ပြီးမြောက်အောင်မြင် နိုင်သည်။ ....13

ဝိညာဉ်ရသူများအား လေ့ကျင့်သင်ကြားပေးခြင်းသည် ဝိညာဉ်ရေးနှင့် ပတ်သက်သော လူဦးရေ တိုးပွားများပြား လာဖို့ရန် ဖြစ်သည်။ ....14

ဧဝံဂေလိ ပြန့်ပွားရေး၏ ရည်ရွယ်ချက် ....14

ထာဝရ ဘုရားသခင်၏ ဘုန်းတော်ထင်ရှား စေရန်....14

လေ့ကျင့်တပ်ဆင်ခြင်း....14

ဒေသန္တရ အသင်းတော်များ ....15

ကမ္ဘာတဝှမ်း ....15

ဆပွားတိုးပွားခြင်း ....15

မိတ်ဆွေဖွဲ့ခြင်း ....15

ဧဝံဂေလိလုပ်ငန်း....15

တပည့်တော်ဖြစ်ခြင်း....16

သန့်စွမ်းကြီးထွားခြင်း ....16

ထိရောက်သော ဧဝံဂေလိ လုပ်ဆောင်သည့် ဒေသန္တရလ အသင်းတော်ဖြစ်ရန် အခြေခံအချက်များ အသင်းတော် တာဝန်ယူရသည့် အခန်းကဏ္ဍ။ အသင်းတော်သည်- ....17

သက်သေခံသူများ၏ အခန်းကဏ္ဍ ....17

ဧ-ပွား၏ အနှစ်သာရများ....18

အပတ်စဉ် ကြိုတင်ပြင်ဆင်ခြင်း ....19

စာသင်ခန်း၌ သင်ကြားခြင်း ....19

လက်တွေ့ကွင်းဆင်း သင်တန်း ....20

အစီရင်ခံတင်ပြခြင်း....20

အောင်လက်မှတ်ချီးမြင့်ခြင်း ....20

ဧ-ပွားသင်ကြားမှု အထောက်အကူပြု ပစ္စည်းများ....21

သင်တန်းမှတ်စုစာအုပ် (Training Notebook) ....................21

ဧ-ပွားကို သင်သေချာစွာ သိပါသလား?? ဝေစါ....................22

ဤဝေစာကို ထိရောက်စွာ အသုံးပြုနည်းမှာ- ....................22

နောက်ဆက်တွဲ သင်ကြားရေး ပစ္စည်းများ (Supplemental Training Material) ....................22

"အိုအဖဘုရား ကျွန်ုပ်အား ဇဝံဂေလိ ပြန့်ပွားရေး လုပ်ငန်းအတွက် ရူပါရုံ ပေးသနားတော်မူပါ။" ..........22

အရပ်ဒေသ အားဖြင့် "ယေရှုရှလင်မြို့မှ . . ."....................23

________ "ယုဒပြည်၊ ရှမာရိပြည်နှင့် မြေကြီးစွန်း တိုင်အောင် . . . "....................23

အခန်း (၂) ....................24

အသက်ရှင်ပုံ တစ်ရပ်ဖြင့် သက်သေခံခြင်း (Witnessing as a Way of life)....................24

အိမ်စာနှင့် အလုပ်တာဝန်များ ဆောင်ရွက်မှု ....................24

ကျွန်ုပ်၏ ပထမ ဆုတောင်းဖော်မှာ -....................25

လက်တွေ့ကွင်းဆင်းသင်တန်း On-the-Job Training (OJT) ....................25

အစီရင်ခံတင်ပြချိန်....................26

နောက်ဆုံး အပြီးသတ် ဆောင်ရွက်ခြင်းနှင့် ရှေ့ခြေလှမ်းများ အခန်း (၁၃)....................27

အကဲဖြတ်မေးခွန်း (၂) ခု ....................27

သတင်းကောင်း....................28

ဘုရားသခင် ....................29

ခရစ်တော် ....................29

ယုံကြည်ခြင်း ....................29

ဆက်ကပ်အပ်နှံခြင်း ....................30

ရှင်းလင်းချက် ....................30

ဆုတောင်းခြင်း....................31

ကယ်တင်ခြင်းစိတ်ချမှု....................31

ချက်ခြင်းပြုလုပ်ရမည့် နောက်ဆက်တွဲ လုပ်ငန်းများ ....................31

# ဧဝံဂေလိလမ်းညွှန် Evangelism Guide

## ဧဝံဂေလိပြန့်ပွားရေး အဆင့် (၁)

## သင်တန်းမှတ်စု

## နိဒါန်း Introduction

"အသက်တာ ပြောင်းလဲစေတဲ့ အတွေ့အကြုံ"

"ကျွန်တော့် အသက်တာမှာ စိတ်လှုပ်ရှား တက်ကြွဖွယ် အကောင်းဆုံးသော ရက်သတ္တပတ်များ"

"ကျွန်တော် အရင်ကနှင့် တူတော့မှာ မဟုတ်ဘူး"

အထက်ပါ ဖော်ပြချက်များသည် ဧဝံဂေလိပြန့်ပွားရေး ၆ရက် ခေါင်းဆောင်သင်တန်း (သို့မဟုတ်) ဒေသန္တရ အသင်းတော်တွင် ကျင်းပသော ၁၃ ပတ် ဧဝံဂေလိပြန့်ပွား သင်တန်းသို့ တက်ရောက်သော သင်းအုပ်ဆရာများ၊ သာသနာပြု များနှင့် ယုံကြည်သူ သာမန် အသင်းသားများ သင်တန်း အောင်မြင်စွာ ပြီးမြောက်သည့် အချိန်တွင် ကျေနပ် ဝမ်းမြောက် စွာဖြင့် နှုတ်မှ အလိုအလျောက် ပွင့်ထွက်သော ပဲ့တင်သံများပင် ဖြစ်သည်။

မြောက်များစွာသော ခေါင်းဆောင်များနှင့် သာမန် အသင်းသားများသည် အပြည်ပြည်ဆိုင်ရာ ဧဝံဂေလိ ပြန့်ပွားရေး ဌာနချုပ်သို့ အောက်ပါအတိုင်း မိမိတို့၏ ကျေးဇူး ဥပကာရ တင်ရှိခြင်းကို စိတ်အား ထက်သန်စွာဖြင့် ဖော်ပြ လာကြပါသည်။

- "ကျွန်တော်တို့ ကော်ပြားနဲ့ပင်ပင်ပန်းပန်း လုပ်ဆောင်နေခဲ့ ကြတဲ့အချိန်မှာ ဆရာတို့က လယ်ထွန်စက်နှင့် အတူ စက်မောင်းနည်း သင်ခန်းစာကိုပါ မစခဲ့ကြတယ်"
- "ကျွန်တော်တို့ငါးများတံနှင့် ကြိုးကလေး တွေနှင့် ငါးများနေခဲ့ ကြ တဲ့အချိန်မှာ ဆရာတို့က ငါးဖမ်းတဲ့ ကြိုးကြီးတွေအပြင် ငါး ဖမ်းပိုက် တွေပါ ပေးကမ်းခဲ့ကြတယ်"

- "ဤသင်တန်းဟာ ကျွန်တော်တို့ကို အချိန်မရွေး ဘယ်သူ့ကို မဆို သတင်းကောင်း ဝေမျှနိုင်အောင် စိတ်ချမှု အပြည့်အဝ ပေးခဲ့တယ်။ ဘုရားသခင်ကို အထူးချီးမွမ်းပြီး ဆရာတို့ကိုလည်း အလွန်ကျေးဇူး တင်ကြောင်း ပြောပြလိုပါတယ်"

ဧဝံဂေလိပြန့်ပွားရေး ခေါင်းဆောင်သင်တန်း တက်ရောက် ပြီးနောက် မိမိအသင်းတော်၌ ရှစ်လအတွင်း အသင်းသားသစ် ၁၇၃ ယောက် တိုးလာသော သင်းအုပ်ဆရာ တစ်ပါးက "ဧဝံဂေလိပြန့်ပွားရေး (Evangelism Explosion) နည်းပညာသည် နှစ်ဆယ်ရာစု နှစ်အတွင်း တွေ့မြင် နေရသော အသင်းတော်၌ အိပ်ပျော်နေသည့် ယုံကြည်သူ အသင်းသားများကို တစ်ဦးချင်း ဧဝံဂေလိ လုပ်ငန်း လုပ်ဆောင်နိုင်အောင် စည်းရုံးတပ်ဆင် ရာတွင် အထူး တော်လှန် ပြောင်းလဲစေသော နည်းလမ်း တစ်ရပ် ဖြစ်သည်" ဟု ဖော်ပြခဲ့ပေသည်။

၁၉၆၇ ခုနှစ်တွင် ဖလော်ရီဒါ (Florida) ပြည်နယ်၊ ဖောတ့်လောက်ဒါးလ် (Fort Lauderdale)၊ ကိုရဲလ်ရိုက် ပရက်ဘီတေးစယမ်း အသင်းတော်၌ ကျင်းပသည့် ပထမဦးဆုံးသော ဧဝံဂေလိ ပြန့်ပွား ခေါင်းသင်တန်းတွင် သင်းအုပ်ဆရာ(၃၆)ဦး၊ တက်ရောက်ကြ၍ ယင်းသင်တန်း တွင် ဤအဖွဲ့ကို တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သော ဒေါက်တာဒီဂျိမ်း(စ်) ကနေဒီ (Dr. D James Kennedy) ကိုယ်တိုင်က သင်ကြားပေးခဲ့ ပါသည်။

မကြာမီ တည်ထောင်သူ သင်းအုပ်ဆရာနှင့် အသင်းတော်တို့သည် လေ့ကျင့်သင်ကြားမှုကို ခံယူရန် စိတ်ဆန္ဒ ပြင်းပြနေကြသော အခြားသင်းအုပ်ဆရာများ၊ သာသနာပြုများနှင့် ယုံကြည်သူ အသင်းသားများ အားလုံးတို့ကို အိမ်ရှင်အနေဖြင့် တာဝန်ယူပြီး လေ့ကျင့်သင်ကြား ပေးနိုင်မှု မရှိတော့ကြောင်း ထင်ရှားလာပါသည်။ ၁၉၇၂ ခု နှစ်တွင် ဧဝံဂေလိပြန့်ပွားခြင်း လုပ်ငန်းသည် အခြားမြို့ ကြီးများသို့၄င်း၊ ၁၉၈၃ ခုနှစ်တွင် ကမ္ဘာ့ တိုက်ကြီးများသို့၄င်း၊ ၁၉၉၆ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ လူမျိုးများ တိုင်းနိုင်ငံများ အားလုံးသို့၄င်း ပျံ့နှံ့ရောက်ရှိ သွားခဲ့ပါသည်။

ကမ္ဘာ့လူဦးရေ တဟုန်ထိုး တိုးတက်ပြန့်ပွားခြင်းက ဧဝံဂေလိပြန့်ပွားခြင်းကို တောင်းဆိုလျက် ရှိပါသည်။ ထို့ကြောင့်ပင်လျှင် ဘုရားသခင်သည် ဤအမှုတော် လုပ်ငန်းကို ဖန်တီးပေါက်ဖွား

စေခဲ့ခြင်း ဖြစ်သည်။ ယင်းအမှုတော်ကို စတင်တည်ထောင်သူက "ဧဝံဂေလိ ပြန့်ပွားခြင်း (Evangelism Explosion)" ဟု အမည် ပေးထားပါသည်။

ယခုအခါ မိတ်ဆွေအနေဖြင့် ပိုပြင်ရှင်းလင်းစွာ တွေ့မြင် ရပါမည်။ ဤသင်တန်းသည် မိတ်ဆွေကို သူငယ်ချင်း အပေါင်းအသင်းများ၊ ဆွေမျိုးများ၊ လုပ်ဖေါ်ဆောင်ဖက်များနှင့် အိမ်နီးနားချင်းများ ထံသို့ ဧဝံဂေလိ သတင်းကောင်းကို ပို၍ ထိရောက်စွာ ဝေငှနိုင်ရန် လေ့ကျင့်တပ်ဆင် ပေးသွားမည် ဖြစ်သည်။ ထိုမှတဆင့် သင်သည် အခြားသူများကို အလားတူ လုပ်ဆောင် တတ်လာအောင် ထပ်ဆင့်သင်ကြား ပေးနိုင်ဖို့ အမှန်ပင် အထောက်အကူပြုမည် ဖြစ်သည်။

ဧဝံဂေလိပြန့်ပွားရေး (Evangelism Explosion) အမှုတော်သည် ဂိုဏ်းဂဏ အသီးသီးမှ အသင်းတော်များ၊ တိုင်းနိုင်ငံများ အားလုံးနှင့် အဆုံးတွင် လူမျိုးနွယ်စုများ အားလုံးတို့အား မိတ်ဆွေဖွဲ့ခြင်း၊ ဧဝံဂေလိလုပ်ခြင်း၊ တပည့်တော်ဖြစ်ခြင်းနှင့် သန်စွမ်း ကြီးထွားခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်အောင် လေ့ကျင့်တပ်ဆင် ပေးရန် ရည်မှန်းထားပါသည်။

ဤမှတ်စု စာအုပ်သည် ဧဝံဂေလိပြန့်ပွားရေးဆိုင်ရာ စာအုပ်စာတမ်းများကို မိမိအိမ်နှင့် စာသင်ခန်းများတွင် လေ့လာသင်ယူ နိုင်အောင် သင့်အတွက် ပြင်ဆင် ထားပါသည်။

ဤ ဧဝံဂေလိပြန့်ပွားရေး (Evangelism Explosion) သင်တန်းသည် သင့်အသက်တာ၏ အကြီးမားဆုံးသော ကြီးထွား တိုးတက်မှုကို ရရှိစေသည့် အတွေ့အကြုံ ဖြစ်ပါစေ။ သင်သည်လည်း ထိရောက်သော ဝိညာဉ်ရသူ တစ်ဦးနှင့် တပည့်တော်စစ် တစ်ဦးအဖြစ် လေ့ကျင့် တပ်ဆင်ခြင်းကို ခံရပါစေသော်။

## ယုံကြည်ချက်နှင့်အခြေခံမှုများ

အပြည်ပြည်ဆိုင်ရာ ဧဝံဂေလိပြန့်ပွားရေး ယုံကြည် ချက်နှင့် အခြေခံမှုများသည် ကျယ်ပြန့်သော ဧဝံဂေလိ ခံယူချက်နှင့် ပတ်သက်သည့် ကြေငြာချက် တစ်ခု ဖြစ်သည်။ ယင်းသည် ဧဝံဂေလိပြန့်ပွားရေး ဖတ်စာအုပ်ပါ သတင်းကောင်း တင်ပြချက်နှင့်၎င်း၊ အမှုတော် လုပ်ငန်းတိုးတက်မှု အတွက် အရေးကြီးသော ခံယူချက် ယူဆချက်များနှင့်၎င်း၊ ညီညွှတ် ကိုက်ညီမှု ရှိကြောင်း တွေ့ရှိ ရပါသည်။ အောင်လက်မှတ် ရရှိလိုသော သင်တန်းသားများသည် ဤကျယ်ပြန့်သော ယုံကြည်ချက်များနှင့် အနဲဆုံးတူညီသည့် သဘောထား များရှိရန် လိုအပ်ပါသည်။ ဤဖော်ပြချက်သည် အသင်းတော် ဂိုဏ်းဂဏ္ဍများ၏ ကွဲပြားခြားနားသော အယူအဆများကို ပယ်ဖျက်ရန် ကြိုးပမ်းမှု တစ်ရပ် မဟုတ်ပေ။ ဂိုဏ်းဂဏ္ဍ ယုံကြည်ချက်၊ ခံယူချက် အမျိုးမျိုး ရှိကြသည်။ ဧဝံဂေလိ ခံယူချက် ရှိကြသော ယုံကြည်သူများ အနေဖြင့် ကျမ်းစာ၏ ရိုးရှင်းသော သမ္မာတရား၌၎င်း၊ သတင်းကောင်းကို ထုတ်ဖေါ်ကြေငြာခြင်း၌၎င်း တညီတညွှတ်တည်း ရှိလာမည့် နည်းလမ်းကို တင်ပြခြင်းသာ ဖြစ်ပါသည်။

၁။ သမ္မာကျမ်းစာသည် မှုတ်သွင်းခြင်းခံရသော၊ မမှားယွင်းနိုင်သော အခွင့်အာဏာနှင့် ပြည့်စုံသည့် တစ်ခုတည်းသော ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည်။

၂။ ဘုရားသခင် တဆူတည်း ရှိပြီး ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် ပုဂ္ဂိုလ်သုံးပါး အနေနှင့်ထာဝရ တည်ရှိတော် မူသည်။

၃။ ကျွန်ုပ်တို့၏ သခင်ယေရှု ခရစ်သည် ပုဂ္ဂိုလ် အားဖြင့် ဘုရားလည်း ဖြစ်သည်။ လူလည်းဖြစ်သည်။ အပျိုကညာ မှဖွားမြင်ခြင်းခံခဲ့ပြီး လူ့လောက၌ အပြစ်ကင်းစွာ အသက်ရှင် ခဲ့သည်။ နိမိတ် လက္ခဏာများကို ပြသခဲ့သည်။ ကိုယ်တော်သည် အသွေးသွန်း ခြင်းနှင့် အသေခံခြင်းအားဖြင့် လူတို့၏ အပြစ်ကို ဆေးကြောသန့်စင် စေခဲ့သည်။ ထို့နောက် သေခြင်းမှ ကိုယ်ခန္ဓာအားဖြင့် ထမြောက်ခဲ့ပြီး၊ အဖ ခမည်းတော်၏ လက်ယာတော်ဘက်တွင် ထိုင်ရန် တက်ကြွတော်မူ ခဲ့သည်။ ကိုယ်တော်သည် ဘုန်းတော်နှင့် တန်းခိုးတော်ကို ဆောင်၍ ကိုယ်တိုင် ပြန်ကြွလာတော် မူမည်။

၄။ အပြစ်ရှိပြီး ပျောက်ဆုံးနေသော လူများ ကယ်တင်ခြင်း ရရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ် ပြုပြင်ခြင်းသည် မရှိမဖြစ် လိုအပ်သော အရာဖြစ်သည်။

၅။ ယေရှုခရစ် တစ်ပါးတည်းကိုသာ မိမိအား ကယ်တင်သော အရှင်အဖြစ် ကိုးစား ယုံကြည် ခြင်းဖြင့် ထာဝရ အသက်ကို လက်ခံရရှိသည်။

၆။ သန့်ရှင်းသော ဝိညာဉ်တော်သည် စစ်မှန်စွာ ယုံကြည်သူ အားလုံး၌ ဝင်ရောက်ကိန်းဝပ်လျက်၊ ယင်းတို့အား ဘုရားသခင်၏ အလိုတော်နှင့် အညီ အသက်ရှင် စေရန် မစသည်။

၇။ ကယ်တင်ခြင်း ခံရသူနှင့် ဆုံးရှုံးခြင်းခံရသူ နှစ်မျိုး စလုံးသည် သေခြင်းမှ ထမြောက်ကြမည် ဖြစ်သည်။ ကယ်တင်ခြင်း ခံရသူသည် အသက်ရှင်ခြင်းနှင့် ဆိုင်သည့် ထမြောက်ခြင်းသို့၎င်း၊ ဆုံးရှုံးခြင်းသို့ ရောက်သူသည် အပြစ်စီရင်ခြင်းနှင့် ဆိုင်သည့် ထမြောက်ခြင်းသို့၎င်း၊ ထမြောက်ကြမည် ဖြစ်သည်။

၈။ စစ်မှန်သော ယုံကြည်သူ အားလုံးသည် သခင်ယေရှုခရစ်၌ ဝိညာဉ်ရေးရာ တလုံးတဝတည်း (Spiritual Unity) ရှိသည်။

၉။ ဒေသန္တရ အသင်းတော်သည် ကမ္ဘာတစ်ဝှမ်းတွင် ဧဝံဂေလိ လုပ်ရှား ဆောင်ရွက်မှုများကို စီမံ ဆောင်ရွက်သော ဘုရားသခင် ကိုယ်တော်တိုင်သည် တည်ထောင်ထားသည့် အခြေခံ ပင်မ စခန်း ဖြစ်သည်။

၁၀။ စစ်မှန်သော ယုံကြည်သူ အယောက်တိုင်းသည် ဝေနေယျသတ္တဝါ (ဖန်ဆင်းခြင်း ခံရသောသူ) အပေါင်းတို့အား ဧဝံဂေလိ တရားကို ဟောကြားရန်နှင့် လူမျိုးအပေါင်းတို့အား၊ တပည့်တော် ဖြစ်လာစေရန် ခရစ်တော်က တာဝန်ပေးအပ်ထားခြင်း ခံရသူများ ဖြစ်သည်။

၁၁။ အတွေ့အကြုံ ရှိသော သက်သေခံ ဝေငှသူများ သတင်းဝေငှနိုင်ရန် အကောင်းဆုံး နည်းလမ်းမှာ အတွေ့အကြုံရှိသော သက်သေခံများ ဦးဆောင်သည့် လက်တွေ့ကွင်းဆင်း သက်သေခံခြင်း (On-the-job training) ပါဝင်သော တပည့်တော်အဖြစ် အဖွဲ့တွင် ပါဝင် လေ့ကျင့်ဆောင်ရွက် စေခြင်း ဖြစ်သည်။ ယင်းသို့ ပါဝင် ဆောင်ရွက်ခြင်းက သတင်းကောင်း ဝေငှခြင်းကို အကောင်းဆုံး တတ်ကျွမ်းစေသည်။

## သင်တန်းအတွက်အကြံပြုချက်များ

သခင်ယေရှုခရစ်တော် အတွက် ထပ်ဆင့် မွေးဖွား ထုတ်လုပ်သည့် သက်သေခံသူ တစ်ဦး ဖြစ်လိုသော သင်၏ စိတ်ဆန္ဒကို ဖြည့်ဆည်း ပြည့်ဝစေရန်အတွက် သင့်အားစနစ်ကျသော သင်တန်းပုံစံ ဝင်နိုင်စေရန် အစွမ်းကုန်ကြိုးစား လုပ်ဆောင်မှုမရှိပါက ထိရောက်အောင်မြင် နိုင်မည် မဟုတ်ပေ။ မိမိတို့ ကိုယ်တိုင်သွန်သင် မှုကို ခံယူရန်နှင့် သူတစ်ပါးကို သွန်သင်ရန် အားပေး တိုက်တွန်းနေသူ ရှင်ပေါလုက ကျွန်ုပ်တို့အား လေ့လာ သင်ယူရာတွင် ဖွဲလုံ့လဖြင့် ကြိုးစား အားထုတ်ရန် တိုက်တွန်း ထားပြန် ပါသည်။ (၂ တိမောသေ ၂း၁၅) ကျွန်ုပ်တို့ အနေဖြင့် ဤကမ္ဘာ လောကကြီးကို ခရစ်တော် အတွက် ထိရောက်စွာ အကျိုးပြုသော သူများ ဖြစ်လိုပါက မိမိတို့ ကိုယ်တိုင် လုံ့လဝီရိယ စိုက်ထုတ်ပြီး ကြိုးစား လုပ်ဆောင် ရမည်ဖြစ်သည်။ ထိရောက်အောင်မြင်သော လေ့ကျင့် တပ်ဆင်မှုကို ရရှိအောင် အထောက်အကူ ပြုမည့် သင်လုပ်ဆောင်နိုင်သော အရာများကို အောက်တွင်ဖော်ပြ ထားပါသည်။

## နေ့စဉ်ဆုတောင်းခြင်း

ဘုရားသခင် ဖြစ်စေလိုသော သက်သေခံသူ တစ်ဦး ဖြစ်ရန်ငှငး၊ သန့်ရှင်းသော တန်ဆာပလာ ဖြစ်ရန်ငှငး၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝရန်ငှငး၊ ပျောက်ဆုံးသော ဝိညာဉ်များအား သနားဂရုဏာ ထားသည့် စိတ်ထား ရှိရန်ငှငး၊ မိမိအား မစ ဆောင်ရွက် ပေးရန် နေ့စဉ် ဆုတောင်းခြင်းဖြင့် အစပြုပါ။ မိမိ ဆုတောင်းဖော်များနှင့် မှန်မှန် ဆုတောင်းပါ။ ယေရှုခရစ်၏ ချစ်ခြင်းမေတ္တာ သတင်းကောင်းကို သက်သေခံ ဝေငှရမည့် အခြားသူများထံသို့ ပို့ဆောင် ပေးရန် ဘုရားသခင်ထံ ဆုတောင်းပါ။ ဤသင်တန်းကို အောင်မြင် ပြီးမြောက်ရန်နှင့် အခြားသူများကို စတင်သင်ကြား လေ့ကျင့်နိုင်ရန် လိုအပ်သော နည်းစနစ်များ ရရှိရန်ငှငး၊ ဂရုတစိုက် ဖွဲလုံ့လဖြင့် အစဉ်တစိုက် စိတ်ရှည်စွာ သင်ယူလေ့ကျင့် နိုင်ရန်ငှငး၊ မစ ဖို့ရန် ဘုရားသခင်ထံ ဆုတောင်းပါ။

## ဘုရားသခင်သည် သင့်အား သက်သေခံသူ ဖြစ်စေမည်ဟူသော ကတိတော်ကို ပြည့်စုံစေမည် ဖြစ်ကြောင်း မျှော်လင့် နေပါ

သခင်ယေရှုခရစ်က ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးအားဖြင့် သူ၏ သက်သေခံများ ဖြစ်ကြမည်ဟု မိန့်ကြားခဲ့သည်။ သင့်အထဲတွင် သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုး လှုပ်ရှားဆောင်ရွက်မှုဖြင့် ထိုအရာကို မဖြစ်မနေ ကိုယ်တော်က လုပ်ဆောင် ပေးမည်ဖြစ်သည်။ ထိုသို့ဖြစ်မြောက် အကောင်အထည် ဖော်ခြင်းကို တွေ့မြင် ရအောင် သင်ချမှတ်ထားသည့် ဆုံးဖြတ်ချက် သန္နိဋ္ဌာန်အပေါ်၌ မလျော့သောဇွဲဖြင့် ခိုင်မြဲစွာ ရပ်တည်ရပါမည်။

ယာကုပ်၏ ကောင်းကင်တမန်နှင့် လုံးထွေးခြင်း၊ ပေါလု၏ အခက်အခဲ စုံစမ်းနှောင့်ယှက်မှုများနှင့် ကြုံတွေ့ရခြင်း၊ ယေရှုခရစ်၏ ဥယျာဉ်ထဲ၌ ဆုတောင်းခြင်းတို့၌ ဘုရားသခင်သည် ကတိတော်အတိုင်း ပြည့်စုံစေမည် အကြောင်း အားလုံးက ယုံကြည်ခဲ့ကြသည်။ သင်သည် သစ္စာရှိစွာဖြင့် ဆုတောင်းပြီး ယေရှုခရစ်၏ ဧဝံဂေလိ သတင်းကောင်းကို အခြားသူများအား ဟောပြောသည်နှင့်အမျှ သင့်အပေါ်၌လည်း ဘုရားသခင်သည် ကတိတော်ကို ပြည့်စုံစေမည် ဖြစ်ကြောင်းကို ယုံကြည်စိတ်ချ နိုင်ပါသည်။ သစ္စာရှိခြင်းသည် အသီးများစွာ သီးသော အကျိုးဖြစ်ထွန် ခြင်းကို ဖြစ်ပွါးစေပါသည်။

## အသက်ရှင်ပုံ တစ်ရပ်ဖြင့် သက်သေခံခြင်းကို တိုးတက်ဖွံ့ဖြိုး လာစေရန် အာရုံစူးစိုက် လုပ်ဆောင်ပါ။

သင်၏ ဧဝံဂေလိ အမှုတော် လုပ်ငန်းကို အပါတ်စဉ် ကွင်းဆင်း သင်တန်း၌သာ လုပ်ဆောင်ရန် မဟုတ်ပေ။ သင်သက်သေ ခံခြင်းသည် သင့်ဘဝ အသက်တာ တစ်ခုလုံးအတွက် ဖြစ်၏။ အလွန်ကျယ်ပြန့်သော အမှုတော်ဖြစ်သည်။ သင့်ယုံကြည်ခြင်းကို ဝေငှသက်သေခံသည့် အရည်အသွေး တိုးတက်မြင့်မား လာသည်နှင့်အမျှ သင့်မိတ်ဆွေ သူငယ်ချင်းများ၊ ဆွေမျိုးများ၊ လုပ်ဖေါ်ဆောင်ဖက်များ၊ အိမ်နီးချင်းများနှင့် ဆက်ဆံရေးကိုလည်း ပို၍လေးနက်အောင် အာရုံစူးစိုက် လုပ်ဆောင်ရပါမည်။ မိမိနေ့စဉ် အသက်တာတွင် ဖေါ်ပြပါ ပုဂ္ဂိုလ်များနှင့်၎င်း၊ အခြားသူများနှင့်၎င်း၊ သတင်းကောင်း ဝေငှနိုင်မည့် အခွင့်အရေး ရရှိအောင် နေ့စဉ်အဆင်သင့် နိုးကြားစွာဖြင့် ရှိနေရပါမည်။

## သင်တန်း၏ ရည်ရွယ်ချက်ပန်းတိုင်ကို အစဉ်သတိရနေပါ

အသက်ရှင်ပုံ တရပ်ဖြင့် သက်သေခံရန်ငှင်း၊ အခြားသူများကို မိမိကဲ့သို့ အလား အတူ လုပ်ဆောင်နိုင်အောင် လေ့ကျင့်သင်ကြား ပေးရန်ငှင်း၊ သင်သည် လေ့ကျင့် တပ်ဆင်ပေးခြင်း ခံရခြင်းဖြစ်ကြောင်း အစဉ် သတိရနေပါ။ ထိုသို့ ရည်မှန်းချက် ပန်းတိုင် ထားခြင်းဖြင့် နောင်တွင် သင်တန်းသားဖြစ်ရန် အလားအလာရှိသောသူ တစ်ဦးခြင်းထံသို့ သခင်ယေရှုသည် သင့်အား ဦးဆောင် ပေးသွားမည် ဖြစ်သည်။ ထိုအချိန်အခါ မျိုးတွင် သင်သည် ယင်းသက်သေခံရန် အခွင့်အရေးကို ပို၍တွေ့မြင် လာနိုင်ကြောင်းနှင့် ကောင်းစွာ တုံ့ပြန်လုပ်ဆောင် တတ်သူတစ်ဦး ဖြစ်လာကြောင်း မိမိကိုယ်ကို တွေ့ရှိ လာရပါမည်။

## ဤသင်တန်း အပေါ် ဆီလျော်မှန်ကန်သော အမြင်ထားရှိပါ

လက်သမား တစ်ယောက်က သူ၏ အလုပ်သည် သံရိုက်ခြင်းနှင့် ပျဉ်ပြားများကို လွှဖြင့်ဖြတ်တောက်ခြင်း အလုပ်ဖြစ်သည် ဟူ၍သာ သိမြင်ထားပါက မကြာမီ စိတ်ပျက်အားလျော့ သွားပါမည်။ သို့သော် သူသည် လုပသော ဘီဒို (သို့မဟုတ်) အိမ်တစ်ဆောင်ကို ဆောက်လုပ်နေကြောင်း သိမြင်ထားပါက အလုပ်ကို တဆင့်ပြီး တဆင့် လုပ်ဆောင်ချိန်တွင် တက်ကြွစွာနှင့် ကျေနပ် ဝမ်းမြောက်စွာ လုပ်ဆောင်နေမည် ဖြစ်သည်။ သင်သည်လည်း သင်ခန်းစာများကို ဖတ်ရှုရုံ၊ အလွတ် ကျက်မှတ် ရုံနှင့် လက်တွေ့လေ့ကျင့်ရုံ မျှဖြင့် အဆုံးသတ်သွားမည့် သင်တန်းသို့ တက်ရောက်နေခြင်း မဟုတ်ပေ။ သင်သည် အကြီးမားဆုံးသော လုပ်ရှားမှုကြီး တစ်ရပ်ကို အကြီးမားဆုံးသော ရည်မှန်းချက်ကြီး အတွက် အကြီးမြတ်ဆုံးသော ပုဂ္ဂိုလ်ကြီး၏ နာမဖြင့် လုပ်ဆောင်နိုင်ရန် လေ့ကျင့် သင်ကြား နေခြင်းဖြစ်သည်။ ဤသင်တန်းနှင့် ပတ်သတ်သော သင်၏ မှန်ကန်သည့် အမြင်ကို မည်သည့်အခါမျှ မျက်ခြေအပျက် မခံပါနှင့်။

## တစ်ကြိမ်လျှင် တပတ်တာ အတွက်သာ လုပ်ဆောင်ပါ

သင့်အနေဖြင့် ပြဋ္ဌါန်းထားသော စာအုပ်စာတန်းများ အားလုံးကို လေ့လာသင်ယူ နိုင်ရေးအတွက် သတ်မှတ်ထားသော အချိန် ဇယားနှင့်အညီ လုပ်ဆောင်နိုင်အောင် ဤသင်တန်းကို ပြင်ဆင် ပေးထားပါသည်။ သို့ဖြစ်၍ ဆန္ဒစော၍ ကျော်ပြီး မလေ့လာပါနှင့်၊ အလားတူ အနောက်ချန်၍လည်း အလုပ်ကြွေးတင်ကာ လေ့လာကျက်မှတ် ရခြင်းမျိုး မဖြစ် ပါစေနှင့်၊ အပတ်တိုင်း ပုံမှန် အိမ်စာနှင့် အလုပ်တာဝန်များကို ပြီးအောင်ဆောင်ရွက်ပါ။ ပေးအပ်ထားသော အိမ်စာများကို

လိုအပ်သလို အလွတ်ကျက်မှတ်ခြင်း၊ ပိုင်နိုင်အောင် လေ့လာခြင်းများ ပြုလုပ်ပါ။ ဘုရားသခင်ပေးသော တက်စွမ်း စေနိုင်ခြင်း ကျေးဇူးတော်ကို ချီးမွမ်းပါ။ ဧဝံလေိပြန့်ပွားရေး (Evangelism Explosion) အမှုတော် လုပ်ငန်း တစ်ရပ်လုံးသည် ခက်ခဲသော အလုပ် ဖြစ်သော်လည်း တစ်ကြိမ်လျင် တပိုင်းစီဖြင့် အနည်းငယ်စီ ပုံမှန် လုပ်ဆောင်သွားပါက သေချာပေါက် အောင်မြင်မှုရရှိ သော အလုပ်ဖြစ်ကြောင်းကို အမြဲသတိရပါ။

## အိမ်စာနှင့် အလုပ်တာဝန်များ အားလုံးကို ပြီးစီးအောင် ဆောင်ရွက်ပါ

အပတ်စဉ် အိမ်စာနှင့် အလုပ်တာဝန်များကို သင်ခန်းစာ အခန်းတိုင်း၏ အစတွင်တွေ့ရပါမည်။ ဤအရာ များသည် အလွန်အရေးကြီး၏။ နေ့စဉ် နည်းနည်းစီဖြင့် အချိန်မှီ လုပ်ဆောင်သွားပါ။ အိမ်စာလေ့လာ ကျက်မှတ်ခြင်းကို တစ်ညတည်းဖြင့် အပြီးဆောင်ရွက်ရန် မကြိုးစားပါနှင့်။ ခွဲပြီး လေ့လာကျက်မှတ်ပါ။ အိမ်စာများသည် သင့်အား သခင်ခရစ်တော်အတွက် ထိရောက်သော သက်သေခံသူ တစ်ဦးဖြစ်လာအောင် တစ်ဆင့် တိုးလာစေသော အရာများ ဖြစ်ကြောင်းကို ရှုမြင်သတ်မှတ်ပြီး လုပ်ဆောင်ပါ။

## အမှုတော် လုပ်ငန်းအတွက် ကြိုးပမ်းလုပ်ဆောင်ပါ

ဧဝံဂေလိ ဆင့်ပွါး သင်တန်းဆိုင်ရာ စာအုပ်စာပေနှင့် တန်ဆာပလာ ပစ္စည်းများသည် သင်တန်းသား အများစု၏ သင်ကြားရေး အဆင့်နှင့် ဆီလျော်မှု ရှိအောင်ပြုလုပ် ထားပါသည်။ သင်သည် တန်ဆာပလာ ပစ္စည်းများက ပိုင်နိုင် ကျွမ်းကျင်အောင် ပြုလုပ်ပြီးသတင်းကောင်း ဝေမျှခြင်း စွမ်းရည်မြင့်မား လာအောင်၎င်း၊ အခြားယုံကြည် သူများအားလည်း ယင်းကဲ့သို့ လုပ်ဆောင်နိုင်အောင် လေ့ကျင့်ပေးခြင်းကို၎င်း စွမ်းဆောင်နိုင်ပါသည်။ အိမ်စာနှင့် အလုပ်တာဝန်တိုင်း၌၎င်း၊ လက်တွေ့ လေ့ကျင့်မှုတိုင်း၌၎င်း၊ ပို့ချမှုတိုင်းနှင့် လက်တွေ့ကွင်းဆင်း သင်တန်းတိုင်း၌၎င်း နိုင်နိုင်နင်းနင်းဖြင့် တက်ကျွမ်းအောင် လုပ်ဆောင်ပါ။

## အချိန်ကို ဦးစားပေးပါ

လူတိုင်း၌ တပတ်တွင် ၁၆၈နာရီ ရရှိကြ၏။ အဘယ်ကြောင့် အချို့သော ပုဂ္ဂိုလ်များသည် အခြားသူများထက် ပို၍လုပ်ငန်းပြီးမြောက် ကြပါသနည်း။ ထိုကဲ့သို့ ပို၍ အောင်မြင်တိုးတက်

ကြရခြင်းမှာ သူတို့အနေဖြင့် မည်ကဲ့သို့ ဦးစားပေး အစီစဉ် သတ်မှတ်ရမည်ကို သိကြခြင်းကြောင့် ဖြစ်နိုင်ပါသည်။ မိမိတို့၏ တပတ်တာ အစီအစဉ်များကို ရေးစွဲသတ်မှတ် သောအခါ မိသားစုနှင့် တန်ဖိုးရှိစွာ အချိန်ယူ ရမည့်အချိန်၊ အနားယူချိန်၊ လေ့လာသင်ယူချိန်၊ အိမ် အလည်အပတ် သွားရောက်ချိန်နှင့် အလုပ်လုပ်ချိန် များကိုဦးစားပေး အစီအစဉ် သတ်မှတ်ရန် မမေ့အပ်ပေ။

အရေးပေါ် ကိစ္စများနှင့် အသေးအဖွဲ့ကိစ္စများ မိမိ၏ ဦးစားပေး ဆောင်ရွက်ရမည့် အစီစဉ်ထဲသို့ ဝင်ရောက် လာခြင်းဖြင့်မိမိ၏ အရေးကြီးသော ကိစ္စများပြီးမြောက်မှု မရှိအောင် ဆီးတားနှောင့်ယှက် နိုင်ပါသဖြင့် ထိုသို့သော အရေးပေါ်နှင့် အသေးအဖွဲ့ ကိစ္စများကို ခွင့်မပြုမိရန် ဂရုပြုရပါမည်။

## ဝိညာဉ်ရေးရာ ဆန့်ကျင်တိုက်ခိုက် မှုများကို မျှော်လင့်ထားလျက် မိမိကိုယ်ကို အကာအကွယ် ယူထားပါ

စာတန်မာရ်နတ်သည် သင့်အသင်းတော် လုပ်ငန်းများကို လုံးဝဂရုမစိုက်ပါချေ။ အမှန်မှာ သင်သည် ဧဝံဂေလိ တရားဟောပြောခြင်း၊ ခရစ်တော်ထံ လူများကို ပို့ဆောင်ခြင်း၊ ဝိညာဉ်ရသူများအား လေ့ကျင့်တပ်ဆင်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရမည့်အစား အသင်းတော်၏ ပုံမှန် လှုပ်ရှားမှုများတွင် ဝန်ပိနေပြီး နာရီပေါင်းများစွာ အချိန်ပေး နေရခြင်းကို စာတန်သည် ပျော်ရွှင်ဝမ်းမြောက် နေပါသည်။ အသင်းတော်၏ ပုံမှန် လှုပ်ရှားမှုများကို လုပ်ဆောင်နေရာမှ မဟာစေခိုင်းချက် အမှုတော်မြတ်ကြီးကို လုပ်ဆောင်ရန်ရှေ့သို့ ခြေလှမ်းလှမ်း တိုက်ပွဲဆင်နွဲ လာသည်နှင့် သင်သည် စာတန်၏ ဆန့်ကျင်တိုက်ခိုက်မှုကို ဧကန်အမှန် ရင်ဆိုင်ရမည် ဖြစ်သည်။ သို့သော် သင့်အထဲ၌ ရှိတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည် စာတန်ထက်ပို၍ တန်ခိုးကြီးတော်မူကြောင်း ဘုရားသခင်၏ ကတိတော်ကို ရယူ ကြေငြာပါ။ (၁ ယော ၄း၄)

## မိမိကိုယ်၌ သည်းခံမှု စိတ်ရှည်မှု ရှိပါစေ

အချို့သော သင်တန်းသားများသည် သင်ခန်းစာများကို လျင်မြန်စွာ ကျွမ်းကျင် တတ်မြောက် ကြသော်လည်း အခြားသူများ မှာမူ အချိန်ပို၍ ကြာကြာယူရ တတ်ကြပါသည်။ သင်လည်းအချို့သော အရာများကို မေ့သွားမည်ဖြစ်သည်။ တစ်ခါတစ်ရံ ဖြတ်လမ်းနည်းကို အသုံးပြု၍ သွေးဆောင်ခြင်း ခံရပါမည်။ "ငါဘယ်တော့မှ ရမှာ မဟုတ်ပါဘူး" ဟူ၍ မိမိကိုယ်ကို ပြောနေသံကိုလည်း ကြားရပါမည်။ သို့သော် သင် ရကို ရရမည် ဖြစ်သည်။ စိတ်ရှည်စွာနှင့် စွဲမြဲစွာဖြင့် လုပ်ဆောင်ပါ။ သင်လိုအပ်သော

သင်ယူ တတ်ကျွမ်းမှုကို ဘုရားသခင် သည် သူ့အချိန်တွင် ဆောင်ရွက်ပေးသွားပါမည်။ ဧဝံဂေလိ ပြန့်ပွားရေး အမှုတော် လုပ်ငန်းမှ သင့်အား ဆုံးရှုံးစေမည့် တစ်ခုတည်းသော နည်းလမ်းမှာ "သင်တန်းမှ နားလိုက်ခြင်း" သာ ဖြစ်သည်။

## သင်တန်း၏ ရူပါရုံ ထပ်ဆင့်ပြန့်ပွားခြင်း- ဆင့်ပွားတိုးပွား လာခြင်း

အကယ်၍ သင်သည် ဧဝံဂေလိပြန့်ပွားရေး အမှုတော်၌ လေ့ကျင့်သင်ယူ ပြီးသည့်နောက်တွင် အခြား သင်တန်းသား (၂)ဦးကို လေ့ကျင့်သင်ကြား ပေးပါက ဝိညာဉ်ရေးရာ ဆင့်ပွားတိုးပွားခြင်း၌ ပါဝင်နေပြီး ဖြစ်သည်။

ယင်းနောက် ထိုနှစ်ယောက် ကလည်း တစ်ဖန်အခြားသူ နှစ်ယောက်စီကို ထပ်ဆင့် လေ့ကျင့်သင်ကြားပေးပါက ဝိညာဉ်ရေးရာ ဆင့်ပွားတိုးပွားခြင်းသည် ဆက်လက် ရှင်သန် စီးဆင်းနေမည် ဖြစ်သည်။ အဘယ်သူ ပြောနိုင်မည်နည်း။ သင်၏ နာခံခြင်းနှင့် ပါဝင် လုပ်ဆောင် ခြင်းတို့ကြောင့် ဒါဇင်ပေါင်းများစွာသော လူများတို့သည် သက်သေခံသူများ အဖြစ် လေ့ကျင့် သင်ကြားပေးခြင်း ခံရမည်ဖြစ်ပြီး တက်ကြွစွာဖြင့် သတင်းကောင်းကို ဝေမျှသက်သေ ခံကြပါမည်။ ဤအချက်သည် မဖြစ်နိုင်သော အရာတစ်ခုကဲ့သို့ ထင်မှတ်ရမည် ဖြစ်၏။ သို့သော် သင်သည် အခြားသူများကို အစဉ်တစိုက် လေ့ကျင့်သင်ကြား ပေးမည်ဆိုပါက ထိုကဲ့သို့သော အကျိုးသက်ရောက် မှုမျိုးကို သင့်အသက်တာ၌ ရရှိနိုင်မည် ဖြစ်သည်။ ဝိညာဉ်များကို ရရှိခြင်းထက် ဝိညာဉ်ရရှိသူများအား လေ့ကျင့်သင်ကြား ပေးခြင်းအားဖြင့် သင်သည် ထာဝရ ကာလအတွက် ကြီးမားသော အကျိုးကို ရရှိအောင် လုပ်ဆောင်ပေးနိုင်မည် ဖြစ်သည်။ ဤမျှ တိုတောင်းသော ကာလတွင် သင့် အသက်တာ အားဖြင့် ဤကမ္ဘာလောက၌ ဤမျှလောက် ကြီးမားသော ထိရောက်သည့် အကျိုးပြုမှု ကြီးကို ပြုလုပ်နိုင်ကြောင်း စဉ်းစားဆင်ခြင် ကြည့်ပါသော် အလွန်စိတ်ဓါတ် တက်ကြွဖွယ်ပင် ဖြစ်တော့သည်။ အလုပ်ကို ကျိုးစားလုပ်ကိုင်ပြီး ဘုရားသခင်၏ အမှုတော်ကို ရှာဖွေလုပ်ဆောင်ခြင်း၏ ဝမ်းမြောက်ခြင်းကို တွေ့ကြုံခံစားပါ။ ချီးမြှောက်လေးစား ဂုဏ်ပြုခြင်း မှန်သမျှကို ဘုရားသခင်ထံ ဆက်သပါလေ။

# အခန်း (၁)

## ယုံကြည်သူ သာမန် အသင်းသား များအား လေ့ကျင့်တပ်ဆင်ခြင်း

**အခြေခံဦးတည်ချက် = လေ့ကျင့်တပ်ဆင် ပေးခြင်း**

သင့်အား အောက်ပါတို့ကို ဆောင်ရွက်နိုင်အောင် လေ့ကျင့်တပ်ဆင် ပေးမည်။

- မယုံကြည်သူများထံ ဧဝံဂေလိ သတင်းကောင်းကို ထိရောက်စွာ ဝေငှရန်
- အခြားဝိညာဉ် ရယူသူများ (Soul Winners) အတွက် နည်းပြတစ်ဦး ဖြစ်လာရန်
- အသစ်ပြောင်းလဲ လာသူများအား တပည့်တော်များ ဖြစ်လာသည်အထိ လုပ်ဆောင်နိုင်ရန်
- သင်၏ ဒေသန္တရ အသင်းတော်တွင် ဧဝံဂေလိဆင့်ပွား (ဧ-ပွား) မှုလုပ်ငန်းကို အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်
- ယေရှုခရစ်တော်၏ မဟာစေခိုင်းသော အမှုတော်မြတ်ကြီးကို ကမ္ဘာတဝှမ်းလုံးတွင် ပြီးမြောက်အောင်မြင် နိုင်ရေးအတွက် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ရန်

သမ္မာကျမ်းစာမှ ဧဝံဂေလိ လုပ်ငန်းနှင့် ဆိုင်သော အခြေခံမှုများ ခရစ်ယာန် အယောက်တိုင်းသည် သက်သေခံသူတစ်ဦး ဖြစ်ရမည်။

- ယုံကြည်သူ သာမန် အသင်းသားများသည် တစ်ကမ္ဘာလုံး ဆိုင်ရာ ဧဝံဂေလိ လုပ်ငန်းအတွက် သေနင်္ဂဗျူဟာ (Strategic) အကျဆုံးသော သော့ချက်များ ဖြစ်ကြသော်လည်း အသုံးပြုခြင်း မခံရဆုံးသော သူများဖြစ်ကြသည်။
- ခရစ်တော်၏ ပထမဦးဆုံးသော အမိန့်တော် (မာကု ၁း၁၂)
- ခရစ်တော်၏ နောက်ဆုံးသော အမိန့်တော် (တမန် ၁း၈)
- ယုံကြည်သူ သာမန် အသင်းသားများသည် သူတို့၏ သက်သေမခံခြင်း အတွက် ဆင်ခြေများစွာ ပေးတတ်ကြ၏။

**အဘယ်ကြောင့် ခရစ်ယာန် အများစုသည် သက်သေမခံ ကြသနည်း**

- "ကျွန်တော်ဘယ်လို သက်သေခံရ မလဲဆိုတာ မသိဘူး"
- "ကျွန်တော့်မှာ ဧဝံဂေလိ လုပ်ဖို့ ဆုကျေးဇူး မရှိဘူး"
- "ကျွန်တော်က အသက်တာအားဖြင့် သက်သေခံ နေပါတယ်"
- "ဒီအလုပ်ဟာ သင်းအုပ်ဆရာရဲ့ အလုပ်သာ ဖြစ်တယ်"
- ဆုံးရှုံးခြင်းနှင့် ငြင်းပယ်ခံရ ခြင်းတို့ကို ကြောက်ရွံ့စိုးရိမ်ခြင်း
- ဝန်ချတောင်းပန်ခြင်း မပြုရသေးသော အပြစ်ရှိနေခြင်း
- "သက်သေခံဖို့ကျွန်တော့်မှာ အချိန်မရှိဘူး"

သန့်ရှင်းသူ(ယုံကြည်သူ)တို့ကို လေ့ကျင့်တပ်ဆင် ရန်မှာ ____________ ၏ တာဝန်ဖြစ်သည်။ (ဧဖက် ၄း၁၁-၁၂)

- ဤတာဝန်ကို ဆောင်ရွက်ရန် သော့ချက်ကျသော သာမန် အသင်းသား ခေါင်းဆောင်များသည် သင်းအုပ်ဆရာ၏ မရှိမဖြစ် လိုအပ်သော လက်တွဲဖော်များ ဖြစ်ကြသည်။

**အကောင်းဆုံးသော လေ့ကျင့်တပ်ဆင်ခြင်း လုပ်ငန်းသည်** <u>လက်တွေ့ကွင်းဆင်းခြင်း</u> **အားဖြင့်သာ ပြီးမြောက်အောင်မြင် နိုင်သည်။**

- ယေရှုခရစ်သည် တပည့်တော်များကို လက်တွေ့ကွင်းဆင်း သင်တန်းဖြင့် လေ့ကျင့်တပ်ဆင် ပေးခဲ့သည်။ (မာကု ၃း၁၄)
- ဧဝံဂေလိ လုပ်ငန်းသည် သင်ကြားခြင်းထက် ဝိညာဉ်ဖမ်းမိ ရရှိခြင်း ဖြစ်သည်။
- လက်တွေ့ကွင်းဆင်း သင်တန်းသည် ဝါရင့် အတွေ့အကြုံ ရှိပြီးသူများက အတွေ့အကြုံ မရှိသေးသော သူများအား လေ့ကျင့်ပံ့သွင်း ပေးနိုင်အောင် ဖန်တီးပေးသည်။
- လက်တွေ့ကွင်းဆင်း သင်တန်းသည် တရွေ့ရွေ့တိုးတက် သင်ကြားပေးသည့် စနစ်ကို အသုံးပြုသည်။

**ဝိညာဉ်ရသူများအား လေ့ကျင့်သင်ကြားပေးခြင်းသည်** ဝိညာဉ်ရေးနှင့် ပတ်သက်သော လူဦးရေ တိုးပွားများပြား လာဖို့ရန် **ဖြစ်သည်။**

- မိမိကိုယ်တိုင် ဝိညာဉ်များကို ရရှိခြင်း (Winning Souls) ထက် အခြား ဝိညာဉ်ရသူများ (Soul Winners) အား လေ့ကျင့်သင်ကြား ပေးခြင်းသည် ထာဝရ ကာလအတွက် ပို၍ ကြီးမြတ်သော အကျိုးသက်ရောက်မှုကို ဖြစ်ထွန်းစေပါမည်။

## ဧဝံဂေလိ ပြန့်ပွားရေး၏ ရည်ရွယ်ချက်

ကမ္ဘာတဝှမ်းလုံးရှိ ဒေသန္တရ အသင်းတော်များအား မိတ်ဆွေဖွဲ့ခြင်း၊ ဧဝံဂေလိ လုပ်ဆောင်ခြင်း၊ တပည့်တော် ဖြစ်ခြင်းနှင့် သန့်စွမ်းကြီးထွား စေခြင်းတို့အားဖြင့် ဆပွား တိုးပွားလာအောင် လေ့ကျင့်တပ်ဆင်လျက် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေရန်။

## ထာဝရ ဘုရားသခင်၏ ဘုန်းတော်ထင်ရှား စေရန်

ကျွန်ုပ်တို့ အသက်တာနှင့် အမှုတော်လုပ်ငန်းတွင် အဓိက အကျဆုံးနှင့် အရေးအကြီးဆုံး ဖြစ်သည်။

## လေ့ကျင့်တပ်ဆင်ခြင်း

သင်းအုပ်ဆရာများနှင့် ယုံကြည်သူ သာမန်အသင်းသားများအား အောက်ဖော်ပြပါ သင်တန်းများ၌ လေ့ကျင့် သင်ကြား ပေးခြင်းအားဖြင့် အခြားသူများအား အောင်မြင်စွာ တပ်ဆင်လေ့ကျင့် သင်ကြားပေးလာနိုင် စေရန်-

- ၆-ရက် ဧဝံဂေလိဆင့်ပွား (ဧ-ပွား) ခေါင်းဆောင်သင်တန်း (Leadership Clinics)
- ဒေသန္တရ အသင်းတော်၌ ဧ-ပွား ၁၃-ပတ် သင်တန်းများ (13 Weeks Training Courses)

### ဒေသန္တရ အသင်းတော်များ

ဧဝံဂေလိဆင့်ပွား (ဧ-ပွား) သည် ဒေသန္တရ အသင်းတော်များ၌ အခြေခံ လုပ်ဆောင်ရသော ဂိုဏ်းဂဏ္ဍပေါင်းစုံ ပါဝင်သည့် အမှုတော်လုပ်ငန်း ဖြစ်သည်။

### ကမ္ဘာတဝှမ်း

မဟာမိန့်မှာစေခိုင်းချက် (The Great Commission) ကို နာခံသောအားဖြင့် ဒေါက်တာ ဒီဂျိမ်းစ်ကနေဒီ (Dr. D James Kennedy) သည် ဧ-ပွားကို ၁၉၆၇ ခုနှစ်တွင် ဖောတ့်လောက်ဒါးလ်၊ ဖလော်ရီဒါ (Fort Lauderdale, Florida, USA) ၌ စတင်တည်ထောင် ခဲ့ပါသည်။ ယခုအခါ ဤအမှုတော်လုပ်ငန်းသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံး တို့တွင်ရောက်ရှိ အကောင်အထည်ဖေါ် လုပ်ဆောင်နေပြီ ဖြစ်ပါသည်။

### ဆပွားတိုးပွားခြင်း

ဧ-ပွားကို ထက်မြက်စွာ လက်တွေ့လုပ်ဆောင်သည့် အသင်းတော်များ၊ ဝိညာဉ်ရသော သူများကို လေ့ကျင့်ပေးသူ နည်းပြများ၊ ဝိညာဉ်ရသော သူများနှင့် ခရစ်တော်ထံသို့ ပို့ဆောင်ခြင်းခံရသူ ဝိညာဉ်များ (ကယ်တင်ခြင်း ရသူများ) သည် အမှန်ပင် ဆပွားတိုးပွား လာကြပါမည်။

### မိတ်ဆွေဖွဲ့ခြင်း

ဧ-ပွားသည် ယုံကြည်သူများကို မိမိတို့၏ လူမှုဆက်ဆံရေး ကွန်ခြာနယ်ပယ်တွင် အသက်တာ ပုံစံတစ်ရပ် ဖြစ်သော သက်သေခံခြင်းဖြင့် သက်သေခံနိုင်အောင် လေ့ကျင့် တပ်ဆင်ပေးပါသည်။

### ဧဝံဂေလိလုပ်ငန်း

ဧ-ပွား၏ ချည်းကပ်ဝေငှနည်း ပုံစံသည် အခြေခံအားဖြင့် တစ်ဦးချင်း ဧဝံဂေလိ ဝေငှခြင်း ဖြစ်သည်။

- သင်သည် ဧဝံဂေလိ သတင်းကောင်း တင်ဆက်ချက်၌ပါဝင်သော အကြောင်းအရာများနှင့် သတင်းကောင်း ထိရောက်စွာ ဝေငှနည်းတို့ကို တတ်ကျွမ်းအောင်လေ့ကျင့်သင်ကြားခြင်း ခံရပါမည်။
- မကြာခဏပင် "မိတ်ဆွေဖွဲ့ခြင်းဖြင့် ဧဝံဂေလိ လုပ်ဆောင်ခြင်း" သည် မိတ်ဆွေဖွဲ့ခြင်း အဆင့်ကို ကျော်လွန်ပြီးထာဝရအသက်နှင့် ဆိုင်သည့် ဧဝံဂေလိ သတင်းကောင်း ဟောပြောဝေမျှသည့် အဆင့်သို့ မရောက်ရှိနိုင်ခဲ့ပေ။

## တပည့်တော်ဖြစ်ခြင်း

သမ္မာကျမ်းစာနှင့် ကိုက်ညီသော တပည့်တော်ဖြစ်စေခြင်းသည် ဧဝံဂေလိ လုပ်ငန်းနောက်မှ အစဉ်တစိုက် လိုက်ပါရမည့်လုပ်ငန်းဖြစ်သည်။

## သန့်စွမ်းကြီးထွားခြင်း

ဧ-ပွား အသင်းတော်သည် အောက်ပါ ကြီးထွားမှု (၃) မျိုးကို တွေ့ကြုံ ရရှိခံစား ရပါမည်-

- **ဝိညာဉ်ရေးရာ-** ဖိလေမုန် ဩဝါဒစာ အပိုဒ် ၆ တွင် မိမိတို့ ယုံကြည်ခြင်းကို နီးကြားစွာ ဝေငှသက်သေ ခံသောခရစ်ယာန်များသည် ဝိညာဉ်ရေးရာတွင် ကြီးထွားရင့်ကျက် လာမည်ဖြစ်ကြောင်း သွန်သင် ထားပါသည်။
- **အရေအတွက်-** ယုံကြည်သူ အသင်းသားများ မိမိတို့အသက်တာကို ခရစ်တော်ထံ ဆပ်ကပ်အပ်နှံ သည်နှင့်အမျှ အသင်းတော် သည်လည်း အရေအတွက်အားဖြင့် တိုးပွားလာပါမည်။
- **အဖွဲ့အစည်း-** ဧ-ပွားဖြင့် လေ့ကျင့်တပ်ဆင်ခြင်း ခံရသူများသည် ပိုမိုထိရောက်သော အသင်းတော် ခေါင်းဆောင်များ၊ သင်းထောက်များ၊ ဥပုဒ်စာဖြေဆရာ (သို့မဟုတ်) ဆရာမများနှင့် အဖွဲ့ငယ် ခေါင်းဆောင်များ စသည်ဖြင့် ဖြစ်လာကြမည်ဖြစ်ပြီး၊ အဖွဲ့အစည်း အတွင်းတွင်လည်း ခေါင်းဆောင်သစ်များ ပေါက်ဖွားပေါ်ထွန်းလာပါမည်။

**ထိရောက်သော ဧဝံဂေလိ လုပ်ဆောင်သည့် ဒေသန္တရလ အသင်းတော်ဖြစ်ရန် အခြေခံအချက်များ**

အသင်းတော် တာဝန်ယူရသည့် အခန်းကဏ္ဍ။ အသင်းတော်သည်-

- ထိရောက်စွာ စွမ်းဆောင်နိုင်သော ဧဝံဂေလိ ဝေငှသည့် စစ်တပ်အသွင် အင်အားစု တစ်ခုဖြစ်လာ စေနိုင်ရန် ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ် တစ်ခုနှင့် မေတ္တာဖြင့် စည်းလုံးညီညွတ် မှုရှိသော မိသားစု တခုဖြစ်ရမည်။
- သတင်းကောင်းပြောကြားရန် မဟာစေစားချက် ၌ တစ်လုံးတစ်ဝတည်း ဖြစ်ရမည်။

**ကျွန်ုပ်တို့သည် ဧ-ပွားအမှုတော် လုပ်ငန်းကို ဆောင်ရွက်ရာတွင် ဧ-ပွား၏ ယုံကြည်ခြင်းနှင့် အခြေခံမှုများ အပေါ် သဘောတူညီမှုကို အလေးထား ဂရုပြုကြမည် ဆိုလျှင် စည်းလုံးညီညွတ်မှု ပိုမိုတိုးတက် လာမည်ဖြစ်သည်။**

**သက်သေခံသူများ၏ အခန်းကဏ္ဍ**

သက်သေခံတစ်ဦးသည်-

- ကယ်တင်ခြင်း။ ဘုရားသခင်၏ ကယ်တင်ခြင်း ကျေးဇူးတော်ကို ကိုယ်တိုင်တွေ့ကြုံ ခံစားမှု ရှိရမည်။
- သန့်ရှင်းစင်ကြယ်ခြင်း။ သက်သေခံသူတစ်ဦး အသက်တာတွင် ဝိညာဉ်ရေးရာ အသေးစိတ် ဆန်းစစ်ချက် စာရင်းဖြင့် မိမိကိုယ်ကို ဆေးကြောစင်ကြယ်မှု ပြုလုပ်ခြင်းသည် အလွန် အရေးကြီး၏။
  - ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် မိမိကိုယ်ကို စစ်ဆေးကာ အသက်တာတွင် ကိုယ်တော်နှင့်အတူ လျှောက်လိုက်ရာ၌ အဟန့်အတား ပြုနေသော အရာများကို ဖော်ပြပေးရန် တောင်းခံပါ။
  - စိတ်ထဲတွင် ပေါ်လာသော အရာများကို စာရွက်ပေါ်တွင် ရေးချပါ။
  - အပြစ်တိုင်းကို ဝန်ချတောင်းပန် ပြီးနောက် (၁ ယော ၁း၉) ပါ ကျမ်းစာ စကားကို စာရွက် ပေါ်တွင် ကန့်လန့်ဖြတ် ရေးချလိုက်ပါ။
  - ထိုစာရွက်ကို ဖျက်စီးလိုက်ပါ။

- အသက်တာတွင် အစဉ်တစိုက် အပြစ်များကို ဝန်ချတောင်းပန်ခြင်းဖြင့်၊ စစ်မှန်သော ခရစ်တော်၏ ခွင့်လွှတ်ခြင်းနှင့် ဆေးကြောသန့်စင် ပေးခြင်းတို့ကို ရရှိခံစားရပြီး ကျွန်ုပ်တို့အား အတွက်မဆန်သော သူများဖြစ်လာ စေပါမည်။
- ထိုသို့အားဖြင့် ကျွန်ုပ်တို့သည်- သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝ နိုင်ပေမည်။
- ဝိညာဉ်တော်နှင့် အစဉ်ပြည့်စုံလျက် ရှိကြလော့။ (ဧဖက် ၅း၁၈)
- ဇဝံဂေလိ လုပ်ငန်းသည် နှစ်ဦးအပြန်အလှန် ပြောဆိုခြင်း (Dialogue) မဟုတ်ပေ။ သက်သေခံသူ (Witness) မျှော်မှန်းသူ (Prospect) နှင့် သန့်ရှင်းသော ဝိညာဉ်တော် (Holy Spirit) တို့ ပါဝင်သော သုံးဦး စကားပြောခြင်း (Trialogue) ဖြစ်သည်။ (တမန် ၁၁း၁၅)
- သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ အသက်တာ၌ အလုပ် လုပ်ဆောင်နေမှသာ ကျွန်ုပ်တို့သည် ဆက်ကပ်ခြင်း ပြုနိုင်မည်။။
- ပါဝင်သူ သင်တန်းသားတိုင်း ဆက်ကပ်အပ်နှံ ရမည့်ချက်များကို နောက်စာမျက်နှာတွင် တွေ့နိုင်ပါသည်။
- ဤဆက်ကပ်အပ်နှံ မှုများကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ သကဲ့သို့ အလေးထားပြီး လုပ်ဆောင် ရပါမည်။
- ဆပ်ကပ်အပ်နှံမှုကို အလေးအနက်ထား၍ လုပ်ဆောင်ခြင်းက ကျွန်ုပ်တို့အား ဆုတောင်းခြင်းနှင့် ပြည့်ဝသော အသက်တာ ဖြစ်လာအောင် ပို့ဆောင်ပေးသည်။
- ဓမ္မသစ် ဇဝံဂေလိ လုပ်ငန်းသည် အစဉ် အမြဲပင် ဆုတောင်းခြင်းနှင့် ဒွန်တွဲနေသည်။
- ဧ-ပွား၌ ပါဝင်သူများသည် ဆုတောင်းဖေါ် နှစ်ဦးစီကို သိမ်းသွင်း ထားကြရပြီး အပတ်တိုင်း သူတို့နှင့် တွေ့ဆုံကာ သစ္စာရှိစွာဖြင့် ဆုတောင်း ကြရပါမည်။
- ဤကိစ္စကို ဆောင်ရွက်နိုင်ရန် ဆုတောင်း ခြင်း၏ အဖော်မွန် စာအုပ်ငယ်ကို အသုံးပြုရသည်။
    - ဤအချက်ကို အခန်း (၂) တွင် ပြည့်စုံစွာ ဖော်ပြပါမည်။

**ဧ-ပွား၏ အနှစ်သာရများ**

**ဇဝံဂေလိ သတင်းကောင်း တင်ဆက်ခြင်း**

- ဤဝေငှ တင်ဆက်ခြင်းသည် လူကိုယ်ခန္ဓာ ကဲ့သို့ ဖြစ်သည်။

- ________ သည်အရိုးစုဖြစ်သည်။
- ကျမ်းချက်များ သည် အသားကဲ့သို့ ဖြစ်သည်။
- မိမိ၏သက်သေခံချက်များ နှင့် ဥပမာများသည်လူ့အရေခွံနှင့် အပြင်ပန်း လက္ခဏာ အသွင်အပြင်များနှင့် တူသည်။
- သန့်ရှင်းသော ဝိညာဉ်တော်သည် ဧဝံဂေလိ ဝေငှချိန်တွင် လှုပ်ရှားလုပ်ဆောင်ပြီး သူသည် အသက်ရှူခြင်းနှင့် တူ၏။

- ဤဧဝံဂေလိ ဝေငှတင်ဆက် နည်းသည် ဆီသွတ်ဘူးကဲ့သို့သော (သို့မဟုတ်) ပုံသေ တင်းကြပ်သည့် ဝေငှနည်း မဟုတ်ပေ။
  - ဝေငှ သက်သေခံသူ၏ ပင်ကိုယ် အရည် အသွေးသည် ဝေငှတင်ဆက် သည့်အခါတွင် ထင်ရှားလာပါမည်။
  - မျှော်မှန်းသူ တစ်ဦးချင်း၏ အခြေအနေ လိုအပ်ချက်နှင့် အညီ သတင်းကောင်းကို ဝေငှတင်ဆက် ရပါမည်။

## အပတ်စဉ် ကြိုတင်ပြင်ဆင်ခြင်း

- အခန်းတိုင်း၌ သင်တန်းသားများအား အိမ်စာနှင့် အလုပ်တာဝန်များကို ပေးအပ်ရပါမည်။ ယင်းအလုပ်တာဝန်နှင့် အိမ်စာများကို နောက်တပတ် စာသင်ခန်းသို့ မတက်ရောက်မီ ကြိုတင်၍ အပြီးလုပ်ဆောင် ရမည်။

## စာသင်ခန်း၌ သင်ကြားခြင်း

- ဧ-ပွား သင်ခန်းစာများ စာသင်ခန်း၌ သင်ကြားခြင်းကို တစ်နာရီအတွင်း ပြီးစီးအောင် ရေးဆွဲထားပါသည်။ စာသင်ကြားမှု ပုံစံအချို့ကို အောက်ပါအတိုင်း ဖေါ်ပြအပ်ပါသည်။
  - ကျမ်းစာဖတ်ခြင်း (သို့မဟုတ်) သီချင်းဆိုခြင်းနှင့် အဖွင့်ဆုတောင်းခြင်း
  - အိမ်စာများ စစ်ဆေးခြင်း
  - ကျက်မှတ်ရန် တာဝန်ပေးအပ် ထားသည်များကို ဖတ်ရွတ်ပြခြင်း
  - သင်ခန်းစာ အသစ်များကို ပို့ချခြင်း

- ဧဝံဂေလိ သတင်းကောင်း တင်ဆက်မှုကို အပိုင်းလိုက် သရုပ်ဖော် ပြသခြင်း

**လက်တွေ့ကွင်းဆင်း သင်တန်း**

- ၁၃-ပါတ် သင်တန်းကာလ အတွင်း ၈-ပွား သင်တန်းသားတိုင်းကို အဖွဲ့ဝင် ၃-ဦးစီ ပါဝင်သော ကွင်းဆင်း လည်ပတ်သည့် အဖွဲ့များ၌ ဖွဲ့စည်းတာဝန် ပေးအပ်ထားသည်။
- အဖွဲ့တိုင်းကို နည်းပြ တစ်ဦးစီက ဦးဆောင်ရမည်။ သူက တစ်ဦးချင်းအား ပုံသက်သေပြခြင်း၊ အားပေး ခြင်းနှင့် လမ်းညွှန် ပြသခြင်းတို့ကို ပြုလုပ်သည်။
- သင်တန်း ဒုတိယအပတ်မှ စတင်၍ လက်တွေ့ ကွင်းဆင်း သင်တန်းဆင်းရန် မိမိတို့၏ ရပ်ကွက်၊ လူ့အသိုင်း အဝိုင်း ရှိရာသို့ အဖွဲ့လိုက် ကွင်းဆင်း ကြရသည်။
- ၈-ပွား ကွင်းဆင်းအဖွဲ့များ အောက်ပါအတိုင်း လုပ်ဆောင်ရင်းဖြင့် ဘုရားရှင်၏ ဦးဆောင်ဆုံးစည်း ပေးခြင်းကို တွေ့မြင်ခံစား ကြရသည်။
  - အသင်းတော်သို့ လာရောက်လေ့လာ လည်ပတ်ခဲ့ဘူး သူများ၏ နေအိမ်သို့ သွားရောက်လည်ပတ် ခြင်းဖြင့်၊
  - နေရာဒေသ အမျိုးမျိုးတွင် မေးခွန်းလွှာများကို အသုံးချခြင်းဖြင့်၊
  - ကွင်းဆင်းအဖွဲ့ တစ်ဦးဦးမှ ရှာဖွေဖန်တီး ထားသော အဆက်အသွယ် အားဖြင့်။

**အစီရင်ခံတင်ပြခြင်း**

- အပတ်စဉ် လက်တွေ့ကွင်းဆင်း သင်တန်း ဆောင်ရွက်ပြီးနောက် ကွင်းဆင်းအဖွဲ့ တိုင်းသည် အသင်းတော်သို့ ပြန်လာကာ လည်ပတ်မှုနှင့် ပတ်သတ်၍ အစီရင်ခံတင်ပြ ကြရသည်။
- ဤသို့ အစီရင်ခံ တင်ပြခြင်းက လမ်းညွှန် ပြသခြင်း၊ အားပေး တိုက်တွန်းခြင်းနှင့် ကိုယ်စားပြု ဆုတောင်းခြင်း တို့ကို ဖြစ်ထွန်းစေပါသည်။

**အောင်လက်မှတ်ချီးမြှင့်ခြင်း**

- အပြည်ပြည်ဆိုင်ရာ ဧ-ပွားအဖွဲ့ကြီးက ဒေသန္တရ အသင်းတော်များတွင် အဆင့်အတန်းမြင့်သော ဧ-ပွား အမှုတော်လုပ်ငန်းကို ထိန်းသိမ်း ထားနိုင်အောင်၊ အောင်လက်မှတ် ချီးမြှင့်ခြင်း အစီအစဉ်ကို လုပ်ဆောင် ပေးထားပါသည်။
- ဤအစီအစဉ်တွင် ပါဝင်သော အစိတ်အပိုင်း အချက်အလက်များကို သင်တန်းကာလ တလျှောက်လုံးတွင် အလေးထား ဖော်ပြသွား ပါမည်။

**ဧ-ပွားသင်ကြားမှု အထောက်အကူပြု ပစ္စည်းများ**

**ဧဝံဂေလိ ပြန့်ပွားရေး ဖတ်စာအုပ် (ပြုစုသူ Dr. D. James Kennedy)**

**ဧဝံဂေလိ သတင်းကောင်း တင်ဆက်မှု ကတ်ဆက်ခွေ (Cassette tape)**

- အပြီးသတ် ဝေငှထားသော တင်ဆက်မှုကို နားထောင်ခြင်းဖြင့် အခြေခံအောက်လိုင်း လေ့လာ ကျက်မှတ် ခြင်းကို အထောက်အကူ ပေးပါမည်။

**သင်တန်းမှတ်စုစာအုပ် (Training Notebook)**

- ဤမှတ်စုစာအုပ်က သင်တန်းသားအား ဧဝံဂေလိ ဝေငှနည်းကို ကျွမ်းကျင်စွာ တတ်မြောက်သွားစေရန် စုံလင်ပြည့်စုံ အစီအစဉ် ကျနစွာဖြင့် သင်ယူနိုင်အောင် အထောက်အကူ ပြုပေးပါမည်။
- လာမည့် အပတ်များတွင် အောက်ဖော်ပြပါ အစိတ်အပိုင်းများ စာရွက်စာတမ်းများနှင့် အချက်အလက်များကို တွေ့မြင်ရမည် ဖြစ်သည်။
    - သင်တန်းမှတ်စုများ
    - အိမ်စာနှင့် အလုပ်တာဝန်များ
    - သတင်းကောင်း အခြေခံ အောက်လိုင်း (Outline) ပုံစံများ
    - လေ့လာမှု လမ်းညွှန် မေးခွန်းများ
    - သင်ယူမှု ကဒ်ပြားများ

**ဧ-ပွားကို သင်သေချာစွာ သိပါသလား?? ဝေစါ**

- ဤဝေစာတွင် ဧဝံဂေလိ သတင်းကောင်း ဝေငှချက်ကို စာအုပ်ငယ်ကလေး ပုံစံဖြင့် ဖော်ပြထားသည်။
- ဤဝေစာကို နှုတ်ဖြင့် ဧဝံဂေလိ တင်ဆက်ရမည့် နေရာတွင် အစားထိုးပြီး ဂျိုင်းတောက် အဖြစ်အသုံးပြုရန် မဟုတ်ပေ။

**ဤဝေစာကို ထိရောက်စွာ အသုံးပြုနည်းမှာ-**

- သတင်းကောင်း ဝေငှရန် အချိန်လုံလောက်မှု မရှိသည့်အခါ၌ ဖြစ်စေ မျှော်မှန်းသူဖက်မှ စိတ်ဝင်စားမှု မရှိသည့် အခါ၌ဖြစ်စေ အသုံးပြုနိုင်သည်။
- သတင်းကောင်းကို နားထောင်သော်လည်း မည်သည့်တုံ့ပြန်မှုမျှ မပြုခဲ့သော သူအား နောက်ဆက်တွဲ တင်ဆက်မှု အထောက်အကူပြု ပစ္စည်းအဖြစ် ပေးထားနိုင်သည်။
- အခြေခံအောက်လိုင်း ပုံစံကို အလွတ် ကျက်မှတ်ခြင်း မပြုရသေးသော သူများအတွက် ဤဝေစာကို သတင်းကောင်း တင်ဆက်ရန် တန်ဆာပလာအဖြစ် အသုံးပြုရန်။

**နောက်ဆက်တွဲ သင်ကြားရေး ပစ္စည်းများ (Supplemental Training Material)**

- သင်တန်းကာလ အတွင်း သင့်လျော်သည့် အချိန်များတွင် ဤသင်ကြားရေး ပစ္စည်းများကို အခါအားလျော်စွာ မိတ်ဆက်ဖော်ပြ သွားပါမည်။

**"အိုအဖဘုရား ကျွန်ုပ်အား ဧဝံဂေလိ ပြန့်ပွားရေး လုပ်ငန်းအတွက် ရှုပါရုံ ပေးသနားတော်မူပါ။"**

မိမိကိုယ် မိမိ "သင်တို့သည် လူကိုမျှားသော တံငါ ဖြစ်စေခြင်းငှါ ငါပြုမည်။"

- မိမိကိုယ်ကို ဧ-ပွား အမှုတော် လုပ်ငန်းတွင် တသမတ်တည်းဖြင့် ပုံမှန်ပါဝင် လှုပ်ရှားနိုင်အောင် ပန်းတိုင်ထားပါ။ ထိုသို့ လုပ်ဆောင်မှုက သင့်အား အောက်ပါတို့ကို လုပ်ဆောင်နိုင်သူ တစ်ဦး ဖြစ်လာအောင် ဦးဆောင်သွားပါမည်။

- သက်သေခံ ဝေငှခြင်းကို နေ့စဉ် အလေ့ အကျင့် တစ်ခုအဖြစ် လုပ်ဆောင်ခြင်းနှင့် အသက်တာ ပုံစံ တစ်ရပ်အနေဖြင့် လုပ်ဆောင်ခြင်း၊
- အခြား ဝိညာဉ်ရသူများအား လေ့ကျင့်သင်ကြား ပေးခြင်းဖြင့် "ဆပွား တိုးပွားစေသူ" (Multiphier) တစ်ဦးဖြစ်လာခြင်း၊

**အရပ်ဒေသ အားဖြင့် "ယေရှုရှလင်မြို့မှ . . ."**

- သင်းအုပ်ဆရာများ၊ အသင်းတော် ခေါင်းဆောင်များနှင့် သာသနာပြုများအား ဧ-ပွား အမှုတော် လုပ်ငန်း၌ ပါဝင်လာအောင် စည်းရုံးသိမ်းသွင်းပါ။ ဧ-ပွား ခေါင်းဆောင်သင်တန်း (Evangelism Explosion Clinic) သို့ တက်ရောက်ရန် အားပေး တိုက်တွန်းပါ။

**________ "ယုဒပြည်၊ ရှမာရိပြည်နှင့် မြေကြီးစွန်း တိုင်အောင် . . . "**

- ကမ္ဘာ တစ်ဝှမ်းလုံးရှိ ဧ-ပွား အမှုတော်ဆောင် လုပ်ငန်းအတွက် အယူခံဝင် ဆုတောင်းပေးခြင်းဖြင့် အစပြုပါ။ ဧ-ပွား သာသနာပြု ရက်တို ခရီးစဉ်တွင် ကဏ္ဍတစ်ခုမှ ပါဝင်လုပ်ဆောင်ပါ။ မိမိ၏ ဒေသန္တရ အသင်းတော် အတွက် ကူညီထောက်ပံ့ ပေးသည် သာမက ကမ္ဘာ တစ်ဝှမ်းလုံးရှိ ဧ-ပွား အမှုတော် လုပ်ငန်းအတွက်ပါ စတင်၍ ထောက်ပံ့ ကူညီပါ။

# အခန်း (၂)

## အသက်ရှင်ပုံ တစ်ရပ်ဖြင့် သက်သေခံခြင်း (Witnessing as a Way of life)

### အိမ်စာနှင့် အလုပ်တာဝန်များ ဆောင်ရွက်မှု

အမည် ________________ ရက်စွဲ ______________

### အိမ်စာများဆောင်ရွက်မှု

- ☐ ဧဝံဂေလိ ပြန့်ပွားရေး ဖတ်စာအုပ် စာရေးသူ၏ အမှာစာမှ ကျမ်းဦးစကား အဆုံးအထိ စာမျက်နှာ ၁-၃၅ နှင့် စာမျက်နှာ ၈၄-၈၇ တို့ကို ဖတ်ပါ။
- ☐ အခန်း (၂) လေ့လာမှု လမ်းညွှန်မေးခွန်းများကို ဖြေဆိုပါ။
- ☐ ဧဝံဂေလိ တင်ဆက်မှု တိတ်ခွေကို နားထောင်ပါ။
- ☐ ကျက်မှတ်ရန် ကဒ်ပြား #၁ အခြေခံ သတင်းကောင်း အောက်လိုင်းကို အလွတ်ကျက်ပါ။
- ☐ ဤသင်တန်း မှတ်စုစာအုပ် ၁-၆ ကို ဖတ်ပါ။
- ☐ ဧဝံဂေလိ ပြန့်ပွားရေး ပဋိညာဉ်ကို အပြီး ဆောင်ရွက်ပြီး ဆရာ့ထံအပ်ပါ။ (သင်တန်းမှတ်စု စာမျက်နှာ ၂၀)
- ☐ ဒီပလိုမာ (Diploma) နှင့် ရင်ထိုးပင် (Brooch) တောင်းခံလွှာ ပုံစံ (သင်တန်းမှတ်စု စာမျက်နှာ ၂၁) ကို အပြီးဆောင်ရွက်ပြီး တင်ပြပါ။
- ☐ အခန်း (၂) အခြေခံ အောက်လိုင်း ပုံစံကို သင်တန်း မစမီ အခြားသူ တစ်ဦးထံ ရွတ်ဆိုပြပါ။
- ☐ ဆုတောင်းခြင်း၏ အဖော်မွန်စာအုပ်ကို ဖတ်ရှုပြီး ပထမ ဆုတောင်းဖော် တစ်ဦးကို စုဆောင်း သိမ်းသွင်းပါ။

**ကျွန်ုပ်၏ ပထမ ဆုတောင်းဖော်မှာ -**

အမည် ______________________________

လိပ်စာ ______________________________

မြို့/မြို့နယ် __________________________ ဖုံးအမှတ် ____________________

**စာသင်ခန်း၌ သင်ကြားချိန်**

အခန်း (၂) အောက်လိုင်းပုံစံကို နည်းပြထံရွတ်ဆိုခြင်း

**လက်တွေ့ကွင်းဆင်းသင်တန်း On-the-Job Training (OJT)**

OJT အချိန်တွင် ကျွန်ုပ်နည်းပြ၏ အောက်ပါအပိုင်းများ တင်ဆက်ခြင်းကို လေ့လာပါသည်။

- ☐ မိတ်ဆွေဖွဲ့ခြင်း
- ☐ သတင်းကောင်း
- ☐ ဆက်ကပ်အပ်နှံခြင်း
- ☐ ချက်ခြင်းပြုလုပ်ရမည့် နောက်ဆက်တွဲ လုပ်ငန်းများ

| နေ့စဉ်လေ့လာ ကျက်မှတ်ချိန်များ | |
|---|---|
| တနင်္ဂနွေ | |
| တနင်္လာ | |
| အင်္ဂါ | |
| ဗုဒ္ဓဟူး | |
| ကြာသပတေး | |
| သောကြာ | |
| စနေ | |
| **စုစုပေါင်း** | |

လူဘယ်နှစ်ယောက်ထံ ဝေငှသည် ____________

အကျိုးရလဒ် ________________________________________________________

________________________________________________________________

**အစီရင်ခံတင်ပြချိန်**

မိမိအိမ်သို့ ပြန်မသွားမီ အောက်ပါတို့ကို ပေးအပ် တင်ပြရန် မမေ့ပါနှင့်။

- ☐ ဤအိမ်စာနှင့် အလုပ်တာဝန်များ ဆောင်ရွက် ပြီးစီးမှု မှတ်တမ်း
- ☐ ဧဝံဂေလိ ပြန့်ပွားရေး ပဋိညာဉ်၊ ဒီပလိုမာနှင့် ရင်ထိုးပင် တောင်းခံလွှာပုံစံ
- ☐ သင်တန်းမှတ်စု စာမျက်နှာ ၂၇ နှင့် ၂၁

# နောက်ဆုံး အပြီးသတ် ဆောင်ရွက်ခြင်းနှင့် ရှေ့ခြေလှမ်းများ အခန်း (၁၃)

## သတင်းကောင်းအောက်လိုင်းပုံစံ

သင်တန်း မစမီ စစ်ဆေးခြင်း ○ တွင်ခြစ်ပါ။ အတန်းထဲတွင် နည်းပြက စိစစ်အကဲဖြတ်ခြင်း ☐ တွင်ခြစ်ပါ။

### မိတ်ဆွေဖွဲ့ခြင်း

○ ☐ သူတို့၏ လောကီဘဝ

○ ☐ သူတို့၏ နောက်ခံ အသင်းတော် (ဘာသာရေး အခြေအနေ)

○ ☐ ကျွန်ုပ်တို့ အသင်းတော်

○ ☐ သက်သေခံချက် (ကိုယ်ပိုင် သို့မဟုတ် အသင်းတော်)

○ ☐ **အကူးအပြောင်း - မေးခွန်း တစ်ခုလောက် မေးပါရစေ။**

### အကဲဖြတ်မေးခွန်း (၂) ခု

○ ☐ ၁။ အကယ်၍ မိတ်ဆွေဟာ ဒီကနေ့ည မှာဘဲ သေဆုံးသွားရင် ကောင်းကင်နိုင်ငံ (ထာဝရကောင်းရာ) ကို ရောက်လိမ့်မယ် ဆိုတာကို ဝိညာဉ်ရေးရာ အတွက် သေချာစွာ သိရှိပြီး ပြီလား။ ဒါမှမဟုတ် ကျွန်တော် ကြိုးစားလုပ်ဆောင် နေတုန်းဘဲလို့ မိတ်ဆွေပြောမလား။

○ ☐ ၁ ယော ၅:၁၃

○ ☐ ကျွန်တော်ကိုယ်တိုင် ထာဝရ အသက်ကို ရတယ်ဆိုတာ ဘယ်လို သိလာရသလဲ ဆိုတာရယ် မိတ်ဆွေလည်း ဘယ်လိုသိနိုင်မှာလည်း ဆိုတာကို ပြောပြပါရစေ။

○ ☐ ကျွန်တော် မပြောခင် နောက်မေးခွန်း တစ်ခုလောက် မေးပါရစေ။

○ ☐ ၂။ အကယ်၍ မိတ်ဆွေဟာ ဒီကနေ့ည မှာဘဲ သေဆုံးသွားပြီး ဘုရားသခင် ရှေ့မှာ ရောက်သွားလို့ ဘုရားသခင်က "သင့်ကိုဘာကြောင့် ကောင်းကင် နိုင်ငံကို ဝင်ခွင့်ပေးရမှာလဲ" လို့ မေးရင် မိတ်ဆွေ ဘယ်လို ဖြေမလဲ။

○ ☐ သူ့အဖြေကို ပြန်ပြောပြီး အတည်ပြုပါ။

○ ☐ အကူးအပြောင်း၊ မိတ်ဆွေ ပထမ မေးခွန်းကို ဖြေလိုက်တဲ့အခါ ကျွန်တော့်မှာ အလွန်ကောင်းတဲ့ သတင်းကောင်း ဝေမျှဖို့ ရှိတယ် ဆိုတာ စဉ်းစား ခဲ့မိတယ်။ ဒါပေမဲ့ မိတ်ဆွေ ရဲ့ ဒုတိယ မေးခွန်းအဖြေကို ကြားလိုက် ရတဲ့ အခါမှာတော့ မိတ်ဆွေ ကြားဖူးသမျှ သတင်းတွေထဲမှာ အကောင်းမြတ် ဆုံးသော သတင်းကောင်း ကျွန်တော်မှာ ပြောစရာ ရှိတယ်ဆိုတာ သိလိုက်ရတယ်။

**သတင်းကောင်း**

---

**ကျေးဇူးတော်**

○ ☐ ကောင်းကင်နိုင်ငံဆိုတာ မေတ္တာလက်ဆောင် တစ်ခုဖြစ်တယ်။

 ○ ☐ ရောမ ၆း၂၃

○ ☐ မိမိကြိုးစားလို့ သို့မဟုတ် ထိုက်တန်လို့ ခံစား ရတာမျိုး မဟုတ်ဘူး။

 ○ ☐ ဧဖက် ၂း၈-၉

 ○ ☐ သူငယ်ချင်း၏ လက်ဆောင်

○ ☐ အကူးအပြောင်း - လူအကြောင်းနှင့် ပတ်သက်ပြီး ကျမ်းစာရဲ့ အဆိုကို နားလည်လာလို့ ရှိရင် ဒီအကြောင်းဟာ ပိုမိုရှင်းသွား ပါလိမ့်မယ်။

**လူသား**

○ ☐ လူဟာအပြစ်သားပါ

 ○ ☐ ရောမ ၃း၂၃

 ○ ☐ အပြစ်အကြောင်း ရှင်းလင်းချက်

 ○ ☐ တစ်နေ့သုံးကြိမ် ပြစ်မှားခြင်း

○ ☐ သူ့ကိုယ်သူ ပြန်ကယ်လို့ မရနိုင်ဘူး။

○ ☐ မဿဲ ၅း၄၈

○ ☐ ကြက်ဥပုပ်နဲ့ကြက်ဥကြော် ဥပမာ

○ ☐ ဘယ်သူမှ မိမိရဲ့ ကောင်းတဲ့ အကျင့်များအားဖြင့် ကောင်းကင်နိုင်ငံကို ရောက်ဖို့ ဘာကြောင့် မဖြစ်နိုင် သလဲဆိုတာ ရှင်းပါတယ် မဟုတ်လား။

○ □ အကူးအပြောင်း - ကျမ်းစာထဲမှာ ဖော်ပြထားတဲ့ ဘုရားသခင်ရဲ့အကြောင်းကို ကြည့်ရင် ဒီအချက် ကိုပိုပြီး ရှင်းလင်းစွာ နားလည်ရမှာ ဖြစ်တယ်။

**ဘုရားသခင်**

○ □ ဘုရားသခင်ဟာ ဂရုဏာရှင်ဖြစ်တယ်။
ဒါကြောင့် ကျွန်တော်တို့ကို အပြစ်ဒဏ် ခတ်ရန် မလိုလားဘူး။
　○ □ ၁ ယော ၄း၈ (ခ)
○ □ သို့သော် ဘုရားသခင်ဟာ တရားသဖြင့် စီရင်သောသူဖြစ်တယ်။ ဒါကြောင့် အပြစ် ဒဏ်ခတ်ရပေလိမ့်မည်။
　○ □ ထွက် ၃၄း၇ (ခ)
○ □ အကူးအပြောင်း - ဒီပြဿနာကို ဘုရား သခင်က ယေရှုခရစ် အားဖြင့် ဖြေရှင်း ခဲ့တယ်။
**ခရစ်တော်**

○ □ **ဘယ်သူလဲ -** လူ့ဇာတိကို ခံယူသော အနန္တ တန်ခိုးတော်နှင့် ပြည့်စုံတဲ့ ဘုရားဖြစ်တယ်။
　○ □ ယော ၁း၁၊ ၁၄
○ □ **ဘာလုပ်ခဲ့သလဲ -** လက်ဝါးကပ်တိုင်မှာ အသေခံပြီး ရှင်ပြန်ထမြောက် ခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ အပြစ်ကြွေးများကို ဆပ်ပေးခဲ့တယ်။ သူ့အသွေးတော် အားဖြင့် ကျွန်ုပ်တို့ရဲ့ အပြစ်အားလုံးကို ဆေးကြော ပေးခဲ့တယ်။ မေတ္တာလက်ဆောင် အဖြစ် ကောင်းကင်ဘုံမှာ ကျွန်ုပ်တို့အတွက် နေရာဝယ် ယူ ပေးခဲ့တယ်။
　○ □ အပြစ်မှတ်တမ်းစာအုပ်
　○ □ ဟေရှာယ ၅၃း၆
○ □ **အကူးအပြောင်း -** ဒီလက်ဆောင်ကို ယုံကြည်ခြင်းဖြင့် လက်ခံရပါတယ်။

**ယုံကြည်ခြင်း**

○ □ ကောင်းကင်နိုင်ငံ ဝင်ရန်သော့
○ □ **ကယ်တင်နိုင်သော ယုံကြည်ခြင်း မဟုတ်သည့် အရာများ -**

- ○ ☐ လူ့ဦးနှောက် အသိတရားနှင့် သိရှိမှု မဟုတ်ပါ။
- ○ ☐ ယာကုပ် ၂း၁၉
- ○ ☐ ယာယီယုံကြည်ခြင်းမှု မဟုတ်ပါ။

○ ☐ **ယုံကြည်ခြင်း ဆိုသည်မှာ -**

- ○ ☐ ထာဝရ အသက်ကို ခံစားနိုင်ရန် ယေရှုခရစ် တစ်ပါးတည်း ကိုသာ ကိုးစားခြင်းဖြစ်တယ်။

- ○ ☐ တမန်တော် ၁၆း၃၁
- ○ ☐ ထိုင်ခုံဥပမာ
- ○ ☐ သူတောင်းစား၏ လက်နှင့် ကျေးဇူး သိတတ်ခြင်း

**ဆက်ကပ်အပ်နှံခြင်း**

---

**အကူးအပြောင်း**

○ ☐ ဒီအရာဟာ မိတ်ဆွေအတွက် အဓိပ္ပါယ် ရှိပါသလား။

○ ☐ ဒီထာဝရ အသက် မေတ္တာ လက်ဆောင်ကို မိတ်ဆွေလက်ခံ လိုပါသလား။

**ရှင်းလင်းချက်**

○ ☐ ဤအချက်မှာ ဘယ်အရာတွေ ပါဝင်တယ်ဆိုတာ ရှင်းပြပါရစေ။

○ ☐ ကိုးစားမှုကို ခရစ်တော် ထံသို့ပြောင်းပါ။

○ ☐ ရှင်ပြန် ထမြောက်၍ အသက်ရှင်လျက်ရှိသော ခရစ်တော်ကိုကယ်တင်ရှင် အဖြစ် လက်ခံပါ။

- ○ ☐ ဗျာဒိတ် ၃း၂၀

○ ☐ ခရစ်တော်ကို အသက်သခင် အဖြစ် လက်ခံပါ။

○ ☐ နောင်တရပါ။

**ဆုတောင်းခြင်း**

○ ☐ အခုပြောတဲ့ အရာများကို မိတ်ဆွေ အမှန်လိုချင် တယ်ဆိုရင် ကျွန်တော် ဦးဆောင်ပြီး အတူတူ ဆုတောင်း ခြင်းဖြင့် ဘုရားသခင်ထံ ပြောပြ နိုင်ပါတယ်။
○ ☐ **သူတို့အတွက် ဆုတောင်းပေးပါ (၁)** - ဘုရားသခင်က သူတို့ကို ယုံကြည်ခြင်း ပေးရန်နှင့် နောင်တရ စေရန်။
○ ☐ **သူတို့နှင့်အတူ ဆုတောင်းပါ** - သတင်းကောင်း အောက်လိုင်း၏ အတိုကောက် စကားစုများဖြင့် ဆုတောင်းပါ။ သင့်နောက်တွင် လိုက် ဆိုစေပါ။
○ ☐ **သူတို့အတွက် ဆုတောင်းပေးပါ (၂)** - သန့်ရှင်းသော ဝိညာဉ်တော်က သူတို့အား ကယ်တင်ခြင်း စိတ်ချမှု ပေးရန်။

**ကယ်တင်ခြင်းစိတ်ချမှု**

○ ☐ မိတ်ဆွေ အခုကလေးတင် ပြုလုပ်ခဲ့တဲ့ အရာများကို ယေရှုခရစ်က ဘယ်လိုပြောထား သလဲဆိုတာ သိရအောင် ဒီအရာကို မိတ်ဆွေကို ဖတ်စေချင်ပါတယ်။
- ○ ☐ ယောဟန် ၆း၄၇

○ ☐ အကဲဖြတ်မေးခွန်း (၂) ခု
○ ☐ ဘုရားသခင်၏ မိသားစုထဲသို့ ကြိုဆိုပါတယ်။

**ချက်ခြင်းပြုလုပ်ရမည့် နောက်ဆက်တွဲ လုပ်ငန်းများ**

---

○ ☐ ကြီးထွားခြင်း၏ အဖေါ်မွန်
- ○ ☐ "ကျွန်ုပ်၏ ဝိညာဉ်ရေးရာ မွေးနေ့ လက်မှတ်" ကို ဖတ်ပြီးလက်မှတ် ထိုးပါ။

○ ☐ **ကြီးထွားခြင်းနည်းလမ်း (၅) ရပ်**
- ○ ☐ သမ္မာကျမ်းစာ လေ့လာခြင်း (၇ရက်အတွင်း ပြန်လည်ချိန်း ဆိုပါ)
- ○ ☐ ဆုတောင်းခြင်း
- ○ ☐ ဝတ်ပြု ကိုးကွယ်ခြင်း
- ○ ☐ မိတ်သဟာယဖွဲ့ခြင်း

○ ☐ သက်သေခံခြင်း

○ ☐ ဘုရားကျောင်းတက်ရန် ချိန်းဆိုခြင်း

| အကဲဖြတ်ခြင်း | |
|---|---|
| အလွန်ကောင်း | ○ ☐ |
| ကောင်း | ○ ☐ |
| ကြိုးစားရန် လိုသေးသည် | ○ ☐ |